# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၈၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ် စာရင်းကို တင်ပြပါမယ်။

ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကလေးနေမကောင်း။

ယခုတင်ပြခဲ့တဲ့ ခွင့်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ခွင့်ပြုထားသူ (၃၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်အဖွဲ့တွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်၏ အုပ်ချုပ်မှုကိစ္စများ၊ ကော်မတီအသီးသီး၏ လုပ်ငန်းကိစ္စများကို လေ့လာ သိရှိပြီး စုပေါင်းညှိနှိုင်းတာဝန်ယူ၍ လွှတ်တော်ဥက္ကဋ္ဌကို အထောက်အကူပြုရန် အမျိုးသား လွှတ်တော် ဥပဒေပုဒ်မ ၃၂ အရ အမျိုးသားလွှတ်တော် ရေးရာကော်မတီများနှင့် လွှတ်တော် အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ကို (၁၅)ဦးဖြင့် ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ဝင် များရဲ့ အမည်စာရင်းကတော့ -

(၁) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(၂) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၃) ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

(၄) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(၅) ပါမောက္ခဒေါက်တာမြဦး၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(၆) ဦးအောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၇) ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၈) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၉) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၁၀) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(၁၁) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(၁၂) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)

(၁၃) ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(၁၄) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၁၅) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

တို့ ဖြစ်ပါတယ်။

ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့တွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဖွဲ့မှာ ပါဝင်တဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်ရဲ့ အတည်ပြုချက်တောင်းခံမှာ ဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဖွဲ့တွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ ပြင်ဆင် ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းမည့်ကော်မတီများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကို ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ဥပဒေကြမ်းကော်မတီဝင်များ ရဲ့ အမည်စာရင်းကတော့ -

(၁) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(၂) ဗိုလ်မှူးကြီးမောင်မောင်ထူး၊ တပ်မတော်သားကိုယ်စားလှယ်

(၃) ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၄) ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(၅) ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(၆) ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(၇) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(၈) ဦးအောင်ငြိမ်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(၉) ဦးအောင်ကြည်ညွန့် ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၁၀) ဦးစိုးမြင့် ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၁၁) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(၁၂) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(၁၃) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၁၄) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၁၅) ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

တို့ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ဥပဒေကြမ်းကော်မတီတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဇော်မြင့်ဖေ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစံထွန်း က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြင်ဆင်ဖွဲ့စည်းမည့် ပြည်သူ့ငွေစာရင်း ကော်မတီဝင် များရဲ့ အမည်စာရင်းကတော့ -

(၁) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(၂) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၃) ဦးဒွေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၄) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(၅) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၆) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၇) ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၈) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၉) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(၁၀) ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(၁၁)ဒေါက်တာစိုင်းဆိုင်ကျော့ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(၁၂) ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

(၁၃) ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

တို့ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမည့် ပြည်သူ့ငွေစာရင်းကော်မတီမှာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသိန်းဝင်း က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြင်ဆင်ဖွဲ့စည်းမည့် လွှတ်တော်အခွင့်အရေးကော်မတီဝင် များရဲ့ အမည်စာရင်းကတော့ -

(၁) ဦးမြသိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(၂) ဗိုလ်မှူးကြီးခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ်

(၃) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၄) ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

(၅) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၆) ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

(၇) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

(၈) ဦးလှအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၉) ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(၁၀) ဦးမင်းလွန်းအောင် ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

(၁၁) ဦးညိုထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

(၁၂) ဦးဝီလ်ဆင်မိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(၁၃) ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(၁၄) ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

တို့ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမယ့် လွှတ်တော်အခွင့်အရေးကော်မတီမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဒေါက်တာစိုးဝင်း က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြင်ဆင်ဖွဲ့စည်းမယ့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင်များရဲ့ အမည်စာရင်းကတော့ -

(၁) ဦးအောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၂) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(၃) ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

(၄) ဦးပီမောင်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(၅) ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၆) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(၇) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(၈) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(၉) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(၁၀) ဦးထွန်းကျော်(ခ)ဦးအိုက်ကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(၁၁) ဦးဥာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(၁၂) ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(၁၃) ဗိုလ်မှူးမျိုးအောင်၊ တပ်မတော်သားကိုယ်စားလှယ်

(၁၄) ဗိုလ်မှူးကျော်နိုင်ဌေး၊ တပ်မတော်သားကိုယ်စားလှယ်

(၁၅) ဦးခင်မောင်ငွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

တို့ ဖြစ်ပါတယ်။

ပြင်ဆင်ဖွဲ့စည်းမယ့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီမှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်း က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ငွေ က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ဖွဲ့စည်းမည့် ကော်မတီ အသီးသီးတွင် ပါဝင်တဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များရဲ့ အမည်စာရင်းကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ပြင်ဆင်ဖွဲ့စည်းမယ့် ကော်မတီအသီးသီးတွင် ပါဝင်တဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များရဲ့ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်း (၅၀)မိုင် (၅)ဖာလုံ ရှိသည့်အနက် ကတ္တရာလမ်းခင်းပြီး (၁၈)မိုင် (၃)ဖာလုံ အပြင် ကျန်ရှိသည့် ကျောက်လမ်း-မြေသားလမ်း (၃၂)မိုင် (၂)ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကတ္တရာခင်းခြင်း အပြီးအစီး လုပ်ကိုင်နိုင်ရန် အတွက် ဖြည့်စွက်ရန်ပုံငွေ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ယခု တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှိန် က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်း (၅၀)မိုင် (၅)ဖာလုံ ရှိသည့်အနက် ကတ္တရာလမ်းခင်းပြီး (၁၈)မိုင် (၃)ဖာလုံ အပြင် ကျန်ရှိသည့် ကျောက်လမ်း-မြေသားလမ်း (၃၂)မိုင် (၂)ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကတ္တရာခင်းခြင်း အပြီးအစီး လုပ်ကိုင်နိုင်ရန်အတွက် ဖြည့်စွက်ရန်ပုံငွေ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးတင်ရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှိန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်း (၅၀)မိုင် (၅)ဖာလုံခန့် ရှိတဲ့အနက် ကတ္တရာလမ်းခင်းပြီး (၁၈)မိုင် (၃)ဖာလုံအပြင် ကျန်ရှိတဲ့ ကျောက်လမ်း၊ မြေသားလမ်း (၃၂)မိုင် (၂) ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာ ကတ္တရာခင်းခြင်း အပြီးအစီး လုပ်ကိုင်နိုင်ရန်အတွက် ဖြည့်စွက်ရန်ပုံငွေ ချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ပြည်ထောင်စုလမ်းမကြီးတစ်ခုလုံးမှာ တနင်္သာရီတိုင်းဒေသကြီးကလွဲပြီးတော့ ကျန်လမ်းမကြီး အစိတ်အပိုင်းများမှာ အတိုင်းအတာတစ်ခုအထိ ကောင်းမွန်နေကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးအပြီးမှာ ကျွန်တော်ဟာ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်ထောင်စုလမ်းမကြီးရဲ့ လမ်းအပိုင်းအား ကွင်းဆင်းလေ့လာခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးရဲ့ ပြည်ထောင်စုလမ်းအပိုင်းဟာ မလွှဲတောင်လမ်းအပိုင်းကနေပြီးတော့ ကော့သောင်းမြို့အထိ (၅၀၄)မိုင်ခန့်ရှိပါတယ်။ အမျိုးအစားခွဲခြားပြီးပြောရမယ်ဆိုလို့ရှိရင် ကတ္တရာလမ်းအကောင်း(၂၅၁) မိုင်ခန့်၊ ကတ္တရာလမ်းအပျက်(၅၂)မိုင်ခန့် နဲ့ ကျောက်လမ်းမနဲ့ မြေသားလမ်းအပိုင်းမှာတော့ အားလုံး (၂၀၁)မိုင်ခန့် ရှိကြောင်း တွေ့ရှိရပါတယ်။

တနင်္သာရီတိုင်းဒေသကြီးရဲ့ ပြည်ထောင်စုလမ်းမကြီးဟာ မိုးရာသီမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့ထက် လမ်းပျက်စီးမှု၊ တံတားကျိုးပျက်မှုများ ဖြစ်ပေါ်ခဲ့သောကြောင့်လည်းကောင်း၊ လမ်းအူကြောင်းရဲ့ တချို့နေရာများမှာ လမ်းက လမ်းဘေးမြေထက် နိမ့်ကျလျက်ရှိခြင်းကြောင့် လမ်းပေါ်သို့ ရေဖြတ်စီးခြင်းဖြစ်၍ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေသည်ကို လေ့လာတွေ့ရှိရပါတယ်။ မြေသားလမ်းများမှာလည်း မိုးရာသီမှာ ယာဉ်များ သွားလာရန်အတွက် အဆင်မပြေဘဲ ပျက်စီးလျက်ရှိပါတယ်။ ဒါကြောင့် တနင်္သာရီတိုင်းဒေသကြီးရဲ့ ပြည်ထောင်စုလမ်းမကြီးကို ရာသီမရွေး သွားလာနိုင်တဲ့ ကတ္တရာလမ်းမကြီးအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးသင့်ပါတယ်ခင်ဗျား။

ထို့အတူ မြိတ်- တနင်္သာရီပြည်ထောင်စုလမ်းအပိုင်းဟာ လမ်းအရှည်(၅၀)မိုင် (၅)ဖာလုံရှိတဲ့အနက် ကတ္တရာလမ်းအကောင်း (၁၈)မိုင် (၃)ဖာလုံခန့်၊ ကတ္တရာလမ်းအပျက် (၁၂)မိုင်ခန့်၊ ကျောက်ခင်းလမ်း (၁၄)မိုင် (၄)ဖာလုံခန့်နှင့် မြေသားလမ်း (၅)မိုင် (၄)ဖာလုံခန့်တို့နဲ့ ဖွဲ့စည်းထားသဖြင့် နွေရာသီမှာ ယာဉ်များသွားလာနိုင်သော်လည်းပဲ မိုးရာသီမှာ အကန့်အသတ်ဖြင့် သွားလာနေရပါတယ်။ မြန်မာပြည်အထက်ပိုင်း ပြည်ထောင်စုလမ်းမကြီးတွေဟာ အချိန်မရွေး၊ ရာသီမရွေး သွားလာနိုင်သော်လည်းပဲ ကျွန်တော်တို့ မိုးများတဲ့ တနင်္သာရီတိုင်းဒေသကြီးရဲ့ ပြည်ထောင်စုလမ်းမကြီးအတွက်ကတော့ ယာဉ်တွေဟာ အကန့်အသတ်ဖြင့်သာ သွားလာနိုင်တာကို တွေ့ရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ် - တနင်္သာရီပြည်ထောင်စုလမ်းအပိုင်းအတွက်ကို ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေခွဲဝေချထားပေးပေမယ့်လည်းပဲ မိုင်(၅၀)နဲ့(၅)ဖာလုံစလုံးအတွက် ကတ္တရာခင်းနိုင်ရန်မှာ လုံလောက်မှုမရှိပါဘူး။ ဒီအတွက်ကို ကတ္တရာလမ်းခင်းခြင်းကို ကျွန်တော်တို့ မြိတ်ကနေပြီးတော့ အင်္ဂမော်ကျေးရွာအထိ(၁၈)မိုင် (၃)ဖာလုံခန့်သာ ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိ ရပါတယ်။ လာမယ့်ပွင့်လင်းရာသီမှာ မြိတ် - တနင်္သာရီလမ်း၊ ကတ္တရာလမ်း အပြီးခင်းနိုင်ရန်အတွက်ကတော့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေချထားပေးမှသာလျှင် လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်း (၅၀)မိုင် (၅)ဖာလုံအနက် ကတ္တရာလမ်းခင်းပြီး (၁၈)မိုင် (၃)ဖာလုံအပြင် ကျန်ရှိသည့် ကျောက်လမ်း-မြေသား

လမ်း (၃၂)မိုင် (၂)ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကတ္တရာခင်းခြင်း အပြီးအစီး လုပ်ကိုင်နိုင်ရန်အတွက် ဖြည့်စွက်ရန်ပုံငွေ ချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးတင်ရှန် မှ မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်-တနင်္သာရီပြည်ထောင်စုလမ်းမှ ကျန်ရှိတဲ့ ကျောက်လမ်း၊ မြေသားလမ်းအား ကတ္တရာခင်းခြင်း အပြီးအစီး လုပ်ကိုင်နိုင်ရန် ဖြည့်စွက်ရန်ပုံငွေ ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ မလွှဲတောင်ကနေပြီးတော့ ကော့သောင်းအထိ အပိုင်းဟာ (၅၀၄)မိုင်နဲ့ (၇)ဖာလုံ ရှည်လျားတဲ့ ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါတယ်။ လက်ရှိ လမ်းအခြေအနေကတော့ ကောင်းတဲ့ ကတ္တရာလမ်းက (၂၅၁)မိုင် (၂)ဖာလုံ၊ ညံ့တဲ့ ကတ္တရာလမ်းက (၅၂)မိုင်(၄)ဖာလုံ၊ ကျောက်လမ်း၊ အမာခံလမ်းနဲ့ မြေလမ်း စုစုပေါင်းဟာ (၂၀၁)မိုင်(၁)ဖာလုံ ရှိတဲ့လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးဟာ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အပိုင်းလိုက်ခွဲခြားပြီးတော့ ဆောက်လုပ်ရေးအထူးအဖွဲ့(၂)ဖွဲ့နဲ့ခရိုင်ဆောက်လုပ်ရေးအထူးအဖွဲ့(၃)ဖွဲ့တို့က တာဝန်ယူခွဲဝေ ဆောင်ရွက်ခဲ့ရာမှာ ထားဝယ်ခရိုင်အနေနဲ့ (၇၅)မိုင်၊ မြိတ်ခရိုင်အနေနဲ့ (၈၅)မိုင် (၄)ဖာလုံ၊ ကော့သောင်းခရိုင်အနေနဲ့ (၁၂၉)မိုင်၊ လမ်းအထူးအဖွဲ့ (၁၆)အနေနဲ့ (၅၁)မိုင် (၆)ဖာလုံ၊ လေယာဉ်ကွင်းအထူးအဖွဲ့ (၆)အနေနဲ့ (၁၆၃)မိုင် (၅)ဖာလုံ ဆိုပြီးတော့ စုစုပေါင်း (၅၀၄)မိုင် (၇)ဖာလုံကို ခွဲဝေတာဝန်ယူ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလမ်းမကြီးဟာ အာဆီယံလမ်းမကြီး ဖြစ်ပါတယ်။ ASEAN Highway 112 အမှတ်ရှိတဲ့ လမ်းကြီး ဖြစ်ပါတယ်။ ဒီလမ်းကြီးကို ကျွန်တော်တို့ အာဆီယံအစည်းအဝေးတွေမှာ ကျွန်တော်တို့နိုင်ငံရဲ့ ကိုယ်စားလှယ်ဖြစ်ခဲ့တဲ့ ပို့ဆောင်ရေးဝန်ကြီးဟာ ၂၀၁၅ ခုနှစ်မှာ Class(3) ခေါ်တဲ့ အကျယ် (၂၄)ပေနဲ့ ကတ္တရာလမ်းအဖြစ် ဖြစ်အောင် ၂၀၁၅ ခုနှစ်မှာ အပြီးဆောင်ရွက်ပါမယ် ဆိုပြီးတော့ ကျွန်တော်တို့ ကတိကဝတ်ပြုခဲ့တာများလည်း ရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဒီလမ်းကြီးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ မူလလမ်းကို ကျွန်တော်တို့က လမ်း အကွေ့ကျဉ်းတဲ့နေရာတွေ၊ အတက်အဆင်းများတဲ့နေရာတွေကို ဖြေလျှော့ပြီးတော့ လမ်းတာဘောင်တွေကို ပေ(၄၀)အကျယ်ရရှိအောင် ဦးစွာကျွန်တော်တို့ ဆောင်ရွက်ပါမယ်။ ပြီးတာနဲ့ ကျွန်တော်တို့ ဒီဟာကို မြေလမ်း အမာခံလမ်း၊ ကျောက်လမ်းများ အားလုံးကို ကတ္တရာလမ်းအဆင့်ဖြစ်အောင် ဆောင်ရွက်ပြီးတော့ ရေပြွန်များကိုလည်း တည်ဆောက်သွားဖို့၊ တံတားများလည်း ထည့်သွင်းသွားဖို့ဆိုပြီးတော့ ကျွန်တော်တို့ စီမံဆောင်ရွက်လျက် ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးဟာ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း မိုးများတဲ့ ဒေသဖြစ်တဲ့အတွက် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များထက်စာရင် လမ်းပျက်စီးမှုနဲ့ တံတား ကျိုးပျက်မှုများဟာ ပိုမိုဖြစ်ပေါ်ခဲ့တာ အမှန်ပဲဖြစ်ပါတယ်။ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း လမ်းအပိုင်းမှာ ၂၀၁၃ ခုနှစ် ဇွန်လအတွင်းမှာပဲ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မိုင်တိုင် (၂၀၂/၃-၂၀၂/၄) (၁)ဖာလုံအတွင်းမှာ လမ်းပျက်စီးပါတယ်။ ဒီအပြင် မိုင်(၂၀၀)နဲ့ (၂၀၄)အတွင်း မှာလည်း ပွက်တန်းကြီးများနှင့် ဘီးလမ်းကြောင်းကြီးများ ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီနေရာတွေကို လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်အောင် ဆိုပြီး တော့ စက်ယာဉ်ယန္တရားများနဲ့ စောင့်ကြည့်ကြပ်မတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအပြင် တံတားထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက်လည်း တံတားအထူးအဖွဲ့(၁)ဖွဲ့နဲ့ တံတားအသစ် တည်ဆောက်ရန် တံတားအထူးအဖွဲ့(၂)ဖွဲ့တို့ကို တံတားတိုးတက်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရန်အတွက် တာဝန်ပေးထားပြီးဖြစ်ပါတယ်။ ဒီပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့ မလွှဲတောင်ကနေ ကော့သောင်းအထိ (၅၀၄)မိုင်နဲ့ (၇)ဖာလုံအပိုင်းမှာ ကတ္တရာအဆင့်ဆောင်ရွက်ဖို့ ကျန်ရှိတဲ့ (၂၅၃)မိုင် (၅)ဖာလုံအပိုင်း ဟာ ကျွန်တော်တို့အနေနဲ့ (၁)နှစ်တည်းနဲ့ ဆောင်ရွက်ရန် လွန်စွာမှ အခက်အခဲ ရှိတဲ့အတွက် ကာလရှည် နှစ်(၂၀)စီမံကိန်းမှာ ထည့်သွင်းရေးဆွဲပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံပြီးတော့ ကတ္တရာလမ်း အဆင့်ရောက်ရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအပြင် ပြည်ထောင်စုလမ်းမကြီးရဲ့ အစိတ်အပိုင်းဖြစ်တဲ့ မြိတ်-တနင်္သာရီလမ်းအပိုင်း (၅၀)မိုင်နဲ့ (၅)ဖာလုံရှည်လျားပါတယ်။ ဒီအပိုင်းမှာ လက်ရှိ ကတ္တရာလမ်းဟာ (၁၈)မိုင် (၃)ဖာလုံ ရှိပြီးတော့ ဒါ ကျွန်တော်တို့ အင်းကမှော်အထိပဲ ကတ္တရာလမ်း ခင်းထားနိုင်ပြီးတော့ ကျန်တဲ့ (၃၂)မိုင်နဲ့ (၂)ဖာလုံ ကျန်ရှိတာ ဖြစ်ပါတယ်။

မြိတ် - တနင်္သာရီလမ်းအပိုင်းမှာ ရာသီမရွေး သွားလာနိုင်တဲ့ ကတ္တရာလမ်းအဆင့် ဆောင်ရွက်မည်ဆိုပါက ရန်ပုံငွေ အနေနဲ့ ကျပ် (၁၁၂၀၇)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်(၁၀၇၁)သန်း ကျွန်တော်တို့ ရရှိထား ပါတယ်။ ဒီ ရရှိထားတဲ့ ငွေနဲ့ မိုင်တိုင်(၁၄/၄)နဲ့ (၁၅/၄)ထိ (၁)မိုင်၊ မိုင်(၃၃/၅)နဲ့ (၃၄/၅)ထိ (၁)မိုင်၊ စုစုပေါင်း(၂)မိုင်ကို မူလ(၁၂)ပေအကျယ် ကတ္တရာလမ်းကနေပြီးတော့ (၁၈)ပေအကျယ် ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းနဲ့ မိုင်(၃၃/၅)ကနေ (၅၀/၅)၊ (၁၇)မိုင်အတွင်းမှာ ပေ(၄၀)အကျယ် တာဘောင်ချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်-တနင်္သာရီလမ်းအပိုင်းဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းခင်းခြင်းနဲ့ တံတားရေပြွန်များ ဆောင်ရွက်ရန် ပြည်ထောင်စု

ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံမည့်အပြင် လုံလောက်မှုမရှိသေးရင်လည်း ၂၀၁၄-၂၀၁၅ မှာပါ ဆက်လက်ပြီးတော့ ရန်ပုံငွေများရရှိအောင် တောင်းခံပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီးတော့ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၄)ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မင်းတပ်မြို့မှ ပန်းအော့ရွာ၊ လိုယောရွာ၊ ကြန်အိမ်နူး၊ ကြာလေလှိုင်း၊ လွှာ၊ မလိုင်ရွာအထိ ကိုယ့်အားကိုယ်ကိုး ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့မှ ပန်းအော့ရွာ၊ လိုယောရွာ၊ ကြန်အိမ်နူး၊ ကြာလေလှိုင်း၊ လွှာ၊ မလိုင်ရွာအထိ ကိုယ့်အားကိုယ်ကိုးဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မင်းတပ်မြို့နယ်မှ ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မင်းတပ်မြို့ကနေပြီးတော့မှ မင်းတပ်-မတူပီ ကားလမ်းမကြီးကနေပြီးတော့မှ ခွဲထွက်တဲ့ မင်းတပ်ကနေ ပန်းအော့ရွာ၊ လိုယောရွာ၊ ကြန်အိမ်နူး၊ ကြာလေလှိုင်း၊ လွှာ၊ မလိုင်ရွာအထိ ကိုယ့်အားကိုယ်ကိုး ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်း ဖောက်လုပ်နိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်မြို့မှ ပန်းအော့ရွာကို (၃)မိုင် ရှိပါတယ်။ ဒါ ကျွန်တော်တို့ ကိုယ်ထူကိုယ်ထ ဂျစ်ကားလမ်းဖောက်လုပ်တာဟာ ၂၀၀၇ မှာ ဖောက်လုပ်ပြီးစီးပါတယ်။ ပန်းအော့ရွာကနေပြီးတော့မှ ချီချောင်းကို (၆)မိုင် ရှိပါတယ်။ ချီချောင်းကနေပြီးတော့မှ လိုယောရွာကို တက်သွားရင် (၃)မိုင်ရှိပါတယ်။ လိုယောကနေပြီးတော့မှ ကြန်အိမ်နူးရွာကိုလည်း (၃)မိုင် ရှိပါတယ်။ ကြန်အိမ်နူးရွာကနေ ကြာလေလှိုင်းရွာကို တက်သွားရင် (၃)မိုင် ရှိပါတယ်။ ယင်းရွာမှ လွှာကို (၃)မိုင်၊ လွှာက မလိုင်ရွာကို (၂)မိုင် ဆိုတော့ မင်းတပ်က နေပြီးတော့မှ မလိုင် ဒါ ဝိတိုရိယတောင်ခြေရင်းမှာရှိတဲ့ ကျေးရွာကြီးဖြစ်ပါတယ်။ ဒီမလိုင်ရွာကိုဆိုရင် စုစုပေါင်း

အားဖြင့် မိုင်ပေါင်း(၂၀) ရှိပါတယ်။ အဲဒါကို ကျွန်တော်တို့က ၂၀၁၂ ခုနှစ်က ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုး (၆)နှစ်လုံးလုံး ဖောက်လုပ်လာခဲ့တဲ့ ကိုယ့်အားကိုယ်ကိုးလမ်းဟာ ၂၀၁၂ ခုနှစ် မေလမှာ ကျွန်တော် ကိုယ်တိုင် ပါဝင်ပြီးတော့မှ ဒီဆိုင်ကယ်လမ်းဖွင့်ပွဲကို သွားရောက် ကျင်းပပေး နိုင်ခဲ့ပါတယ်။ မိုင်ပေါင်း (၂၀) ရှိပါတယ်။ မင်းတပ်ကနေ မလိုင်အထိကို မိုင်ပေါင်း (၂၀) ရှိပါတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ မနှစ်က ၂၀၁၂-၂၀၁၃ ဘတ်ဂျက်မှာ ကျွန်တော်တို့ မင်းတပ်-မတူပီ ကားလမ်းကနေပြီးတော့မှ ပန်းအော့ရွာ (၃)မိုင်ကို ကျွန်တော်တို့ ကျေးရွာချင်းဆက် ကျောက်ခင်းလမ်းအဖြစ်နဲ့ ကျွန်တော်တို့ (၃)မိုင်စာ ချပေးတာရှိပါတယ်။ သိန်းပေါင်း(၁၅၀၀)ရှိပါတယ်။ အဲဒါနဲ့ ကျွန်တော် မနှစ်က ပြည်ထောင်စုလွှတ်တော်မှာ စီမံကိန်း ဝင်တဲ့သဘောမှာလည်း ကျွန်တော် ထည့်ပြီး ဆွေးနွေးပါတယ်။ နောက် ပြည်နယ်ဝန်ကြီးချုပ်နဲ့ ပြည်နယ်အစိုးရကလည်း ကျွန်တော်တို့က ပိုပြီး အကျိုးရှိမယ့်နေရာမှာ သုံးရင်ပိုကောင်းမယ်ဆိုပြီးတော့မှ ညှိနှိုင်းတယ်၊ ညှိနှိုင်းတော့လည်း ပြည်နယ်အစိုးရအနေနဲ့လည်း သူတို့ နယ်စပ်ဝန်ကြီးနဲ့ ညှိနှိုင်းတော့ ဝန်ကြီးကလည်း ခွင့်ပြုတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ ဒီ(၃)မိုင်ကို (၃)မိုင် ကျောက်ခင်းလမ်းကို ကျွန်တော်တို့က ခေါင်းစဉ် ပြောင်းပြီးတော့မှ မင်းတပ်လမ်းခွဲကနေပြီးတော့မှ ပန်းအော့ တောက်လျှောက် ကြာလေလှိုင်းကို ရောက်အောင် ဒီ(၁၅၀၀)နဲ့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ဆိုင်ကယ်လမ်းကို (၁၈)ပေ ကားလမ်း ရောက်အောင်ချဲ့မယ်ဆိုပြီးတော့မှ ကျွန်တော်တို့ ညှိနှိုင်းပြီးတင်ပြတော့ ဒါ အထက်ကလည်း ခွင့်ပြုတဲ့ အတွက်ကြောင့်မို့လို့ အခု ကျွန်တော်တို့ ထိုးနေတာဟာ မင်းတပ်ကနေ ပန်းအော့ (၃)မိုင်၊ ပန်းအော့ ကနေပြီးတော့မှ ချီချောင်း(၆)မိုင်၊ (၉)မိုင်ကို လွန်ခဲ့တဲ့အပတ်ကပဲ ချောင်းကို ရောက်သွားပြီဆိုတာ (၁၈)ပေ နိုင်မင်းကုမ္ပဏီ ကနေပြီးတော့မှ စက်ကြီးနဲ့ ထိုးပေးတာဟာ ချောင်းကို ရောက်သွားပြီဆိုတာ ကျွန်တော်တို့ သတင်းကြားရပါတယ်။ အဲဒီချောင်းကနေမှ လိုယောကို (၃)မိုင်၊ လိုယောကနေ ကြွန်အိမ်နူးကို (၃)မိုင်၊ ကြွန်အိမ်နူးကနေ ကြာလေလှိုင်းကို (၃)မိုင်၊ (၉)မိုင် ဆက်ထိုးရင် ကျွန်တော်တို့ Target ထားတဲ့ ကြာလေလှိုင်းရွာကြီးကို ကျွန်တော်တို့က အလယ်တန်းကျောင်း ထားရှိပါတယ်။ ရွာကြီး ဖြစ်ပါတယ်။ အဲဒီကို ရောက်ရမှာ ဖြစ်ပါတယ်။ အဲဒီကမှ လွှာကို (၃)မိုင်၊ လွှာကနေ မလိုင် (၂)မိုင် ရှိတယ်။ ဆိုတော့ ကြာလေလှိုင်းကနေပြီးတော့မှ မလိုင်ကို နောက်ထပ် (၅)မိုင် အခုက ကျွန်တော်တို့က မဖြစ်ဖြစ်အောင် ကြာလေလှိုင်းကို ရောက်အောင် ဖောက်မယ်ဆိုပြီးတော့ ဒီစက်နဲ့ ပြည်နယ်အစိုးရကလည်း ရည်ရွယ်ထားပါတယ်။

ပြီးတော့မှ လွန်ခဲ့တဲ့ ဇွန်လက ဒါ ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့ ကျွန်တော်တို့ မြို့နယ် အင်ဂျင်နီယာအပါအဝင် ကျွန်တော်တို့ ကြာလေလှိုင်းကနေပြီးတော့မှ လွှာ၊ မလိုင် အခု ကျွန်တော် တင်ထားတဲ့ မလိုင်အထိ မလိုင်ကနေပြီးတော့မှ ကန်ပက်လက်ကို ခင်ကို (၅)မိုင်ပဲ ရှိတယ်။ ခင်ကို ကျော်သွားပြီ သူတို့ ကန်ပက်လက်ကနေပြီးတော့မှ အခု ဝိတိုရိယပတ်လမ်း ဖောက်လာတဲ့ဟာက ခင်ကို (၁၂)မိုင်ရှိပါတယ်။ ခင်ကနေပြီးတော့မှ မာကျိုင်း၊ မာကျိုင်းကနေ စုရပ်အထိ ရောက်သွားပါတယ်။ ဒါဟာ သူတို့ ကန်ပက်လက်မြို့နယ်ရဲ့ တိုက်နယ်အမှတ်(၈)(၉)အတွက် အင်မတန် တန်ဖိုးရှိမယ့် လမ်းဖြစ်ပါတယ်။ ဟိုဘက်ကလည်း စက်ကြီးနဲ့ ထိုးလာပြီးတော့ အဲဒါကို ကျွန်တော်တို့က ကျွန်တော် တင်ပြထားတဲ့ မလိုင်ကနေ ခင် ကို (၅)မိုင်ပဲ ကျန်တော့တယ်။ ဒီဟာကို ကျွန်တော်တို့ ဆက်လိုက် လို့ရှိရင် မင်းတပ်နဲ့ ကန်ပက်လက်ဟာ တောက်လျှောက်ဆက်သွားမယ်။ ဆက်ပြီးရင်လည်း ဟိုဘက်က

ကန်ပက်လက်က တိုက်နယ်(၈)နဲ့ (၉)စုစုပေါင်း ကျေးရွာအုပ်စု (၁၀)အုပ်စု ရှိပါတယ်။ ကျေးရွာပေါင်း (၁၈)ရွာလောက်ရှိပါတယ်။ ကျွန်တော်တို့ဘက်ကလည်း တိုက်နယ်(၁၀)နဲ့ (၁၁)ဟာ ကျေးရွာအုပ်စု ပေါင်း(၈)အုပ်စု ရှိပါတယ်။ နောက် ကျေးရွာပေါင်း(၂၄)ရွာ ရှိပါတယ်။ ဒီရွာတွေကို အကျိုးပြုမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော် ကနဦးတင်ပြထားတဲ့ မလိုင်ရွာအထိပဲ ကျွန်တော်က ဆိုင်ကယ်လမ်း ဖောက်တဲ့အတွက်ကြောင့် ဒီဆိုင်ကယ်လမ်းကို ဘာပဲဖြစ်ဖြစ် ကားလမ်းဖြစ်အောင် ပံ့ပိုးပေးပါဆိုပြီး ကျွန်တော် မေးခွန်းမှာတင်ပြထားတာ ဖြစ်ပါတယ်။ ဒီ နောက်ပိုင်းမှာ အခု ပြည်နယ်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့ ဇူလိုင်လတုန်းက ကွင်းဆင်းဆောင်ရွက်တဲ့အတွက်ကြောင့် အဲဒီကနေ မလိုင်ကနေ ကန်ပက်လက်ကို ဆက်မယ်။ ဒါကို ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ တောက်လျှောက် ကန်ပက်လက်နဲ့ မင်းတပ်ကို ကားလမ်းရအောင် ဖောက်မယ်၊ ကျေးရွာတွေ အများကြီးအကျိုးပြုမယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ပြည်နယ်အစိုးရကလည်း ဒီလမ်းကို အသိအမှတ်ပြုထားပါတယ်။ ဒီလမ်းဖောက်ဖို့ ဆိုပြီးတော့မှ ဒါကြောင့် ကျွန်တော် တင်ပြချင်တာက ဒီစက်နဲ့ ထိုးတဲ့ဟာက ကြာလေလှိုင်းကို ရောက်မယ်။ ကြာလေလှိုင်းကနေ အခု ကျွန်တော် ပြောတဲ့ မလိုင်ကို (၅)မိုင်၊ မလိုင်ကနေ ကန်ပက်လက် ခင်ကို (၅)မိုင် (၁၀)မိုင်စာလေးကို ကျွန်တော်တို့ ဆက်ပြီးတော့မှ ဒါ နယ်စပ်ဒေသ ဝန်ကြီးဌာနအနေနဲ့ ဆက်ပြီး ဒီ (၁၀)မိုင်စာကို ကျွန်တော်တို့ကို ဆက်လက်ပံ့ပိုးမယ်ဆိုရင်တော့ ကျွန်တော်ခုနပြောတဲ့ ကျေးရွာအုပ်စုတွေ၊ ကျေးရွာတွေ ပြီးတော့မှ ကန်ပက်လက်နဲ့မင်းတပ် နှစ်ခုစလုံးကို အဲဒီ ကျေးလက် ဒေသမှာရှိနေတဲ့ ပြည်သူတွေအတွက် အများကြီး တန်ဖိုးရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ပြင်ဆင်တင်ပြချင်တာကတော့ အဲဒီကြားထဲက (၁၀)မိုင်စာလေးကို ကျွန်တော်တို့ကို ပံ့ပိုးပေးမယ် ဆိုရင်တော့ ဒါဟာ ကန်ပက်လက်နဲ့ မင်းတပ်နဲ့ အကုန်လုံး ဆက်သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရ ကလည်း ခု ဒီလို ရည်ရွယ်ပြီးတော့ ဖောက်လုပ်နေတာ ဖြစ်ပါတယ်လို့ အဲဒါလေးကို အတတ်နိုင်ဆုံး ဒါ ၂၀၁၃ မှာ ဂျစ်ကားလမ်း ဆက်လက်ဖောက်လုပ်နိုင်ဖို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အတတ် နိုင်ဆုံး ကျွန်တော်တို့ကို ကူညီပံ့ပိုးပေးဖို့ ကျွန်တော်တို့ရဲ့ ဒေသခံပြည်သူတွေက ဆန္ဒပြင်းပြလျက်ရှိကြ ပါတယ်။ ဒါကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒီလမ်းကို အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးဖို့ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်အတွင်းရှိ အုတ်ဖိုကျေးရွာအုပ်စုနှင့် သူကောင်းကုန်းကျေးရွာအုပ်စုများရှိ ကျေးရွာများ၏ ကျေးရွာချင်းဆက် လမ်းများအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းများအဖြစ် ခင်းပေးရန်နှင့် ၄င်းလမ်းများပေါ်ရှိ ပျက်စီးနေသော တံတားများအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် က သာစည်မြို့နယ်အတွင်းရှိ အုတ်ဖိုကျေးရွာအုပ်စုနှင့် သူကောင်းကုန်းကျေးရွာ အုပ်စုများရှိ ကျေးရွာ များ၏ ကျေးရွာချင်းဆက် လမ်းများအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်း များအဖြစ်

ခင်းပေးရန်နှင့် ၄င်းလမ်းများပေါ်ရှိ ပျက်စီးနေသော တံတားများအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါ စေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ သာစည်မြို့နယ်အတွင်းရှိ အုတ်ဖိုကျေးရွာအုပ်စု၊ သူကောင်းကုန်းကျေးရွာ အုပ်စုများရှိ ကျေးရွာများ၏ ရွာချင်းဆက် လမ်းများအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချော လမ်းများအဖြစ် ခင်းပေးရန်နှင့် ၄င်းလမ်းများအပေါ်ရှိ ပျက်စီးနေသော တံတားများအား ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဆွေးနွေး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်၏ အရှေ့ဘက်(၅)မိုင် ခန့် အကွာတွင် မိတ္ထီလာ-သာစည်-တောင်ကြီး ကားလမ်းမကြီးရဲ့ တောင်ဘက် အုတ်ဖိုကျေးရွာအုပ်စု တွင် ပါဝင်သော ကုက္ကိုပင်ကျေးရွာနှင့် တောကင်းအုပ်စုတွင် ပါဝင်သော ထူးတွင်းကျေးရွာတို့ဟာ တစ်စပ်တစ်ဆက်တည်း တည်ရှိပါတယ်။ ယခုအခါ ထူးတွင်းကျေးရွာမှ ကုက္ကိုပင်ကျေးရွာ-မိတ္ထီလာ- တောင်ကြီး ကားလမ်းမအထိ အရှည်ပေ(၁၄၀၀၀)၊ အကျယ်(၁၅)ပေခန့်ရှိသော ကျေးလက်နေပြည်သူ များ၏ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် မြေသားလမ်းဖောက်လုပ်ထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုပါ မြေလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ခင်းပေးရေးနှင့် ၄င်းလမ်း ပေါ်ရှိ ချွေးသေချောင်းတံတား အရှည်ပေ (၁၃၀)၊ အကျယ်(၁၂)ပေရှိ တံတားအား ပြုပြင်ပေးရန် လိုအပ်လျက်ရှိပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာကတော့ သာစည်မြို့နယ်၏တောင်ဘက်(၉)မိုင်ခန့် အကွာတွင် သူကောင်းကုန်းကျေးရွာအုပ်စုတည်ရှိပါတယ်။ ၄င်းကျေးရွာအုပ်စုဟာ ပျော်ဘွယ်မြို့နယ်မှ သိမ်ကုန်း ကျေးရွာ၊ မဲကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိပါတယ်။ ထို့အတူ ပျော်ဘွယ် မြို့နယ်မှ အဆိုပါ ကျေးရွာများအပါအဝင် သာစည်မြို့နယ်၊ သူကောင်းကုန်းကျေးရွာအစပ် ပျော်ဘွယ် နယ်ပိုင်အထိ ကျောက်ချောလမ်းခင်းပြီး ဖြစ်ပါတယ်။ ဖော်ပြပါ ပျော်ဘွယ်နယ် ကျေးရွာများနှင့် သာစည်မြို့နယ်၊ သူကောင်းကုန်းအုပ်စု၊ သူကောင်းကုန်း၊ မင်းကံကုန်းကျေးရွာများရှိ ကျောင်းသား/ ကျောင်းသူများဟာ သာစည်မြို့နယ်ရှိ ညောင်ရမ်း အ.ထ.က ကျောင်းမှာ ပညာရည်နို့ သောက်သုံးနေရ ပါတယ်။ သို့သော် သူကောင်းကုန်ကျေးရွာမှ ညောင်ရမ်း အ.ထ.က ကျောင်းအထိ (၁)မိုင် (၄)ဖာလုံ ခန့်မှာ မြေသားလမ်းဖြစ်နေပြီး မိုးတွင်းကာလမှာ ကျောင်းသား/ကျောင်းသူများနဲ့ ကျေးရွာပြည်သူများ ဝန်ထမ်းများမှာ သွားလာရေး ခက်ခဲမှုရှိပါတယ်။

ဒါကြောင့် ကျန်ရှိနေတဲ့လမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ၄င်းအပြင် သူကောင်းကုန်းကျေးရွာအုပ်စုဝင်ဖြစ်သော ထနောင်းကန်ကျေးရွာဟာ ညောင်ရမ်း-ဖျောက်ဆိတ်ကုန်း-မကျီးရိုးလမ်းမကြီးမှ ခွဲထွက်ကာ တည်ရှိပါတယ်။ သို့အတွက် မြေသားလမ်းအရှည်(၁၂၅၄၀)ပေ၊ အမြင့်(၂)ပေရှိ နိုင်ငံတော်ရဲ့ ခွင့်ပြုချက်ကိုရယူပြီး ကိုယ့်အားကိုယ်ကိုးနည်းဖြင့် ၂၀၀၄ ခုနှစ်မှ စတင်ပြီး ဖောက်လုပ်ခဲ့ရာ ၂၀၀၆ ခုနှစ်မှာ ပြီးဆုံးခဲ့ပါတယ်။ သို့သော် မြေသားလမ်းဖြစ်နေခြင်းကြောင့် မိုးတွင်းကာလမှာ ကျောင်းသား/ကျောင်းသူများနှင့် ကျေးလက်ပြည်သူဝန်ထမ်းများ သွားလာရန် အခက်အခဲရှိပါတယ်။ ဒ့ါကြောင့် သွားလာရေး လွယ်ကူစေရန် ကျောက်ချောလမ်းလိုအပ်လျက်ရှိနေပါတယ်။ ထို့အတူ ၄င်းလမ်းပေါ်ရှိ ထနောင်းကန် တံတားသည် အလွန်ကျဉ်းမြောင်းနေတဲ့အတွက် ဆိုင်ကယ်များ၊ စက်ဘီးများကူးရာတွင် အန္တရာယ်ရှိတဲ့အတွက် ပြန်လည်ပြုပြင်ပေးရန်လည်း လိုအပ်နေပါတယ်။

သို့ဖြစ်ပါ၍ ထူးတွင်းကျေးရွာမှ ကုက္ကိုပင်-မိတ္ထီလာ-တောင်ကြီး ကားလမ်းမကြီး အထိ ကျောက်ချောလမ်းခင်းပေးနိုင်ရေးနှင့် လိုအပ်လျက်ရှိသော တံတားကို ပြုပြင်တည်ဆောက်ပေးရေး၊ သူကောင်းကုန်းကျေးရွာမှ ညောင်ရမ်း အ.ထ.က ကျောင်းအထိ ကျောက်ချောလမ်း ခင်းပေးနိုင်ရေး၊ ညောင်ရမ်း-ဖျောက်ဆိပ်ကုန်း-မကျီးရိုး လမ်းမကြီးမှ ထနောင်းကန်ကျေးရွာအထိ ကျောက်ချောလမ်း ခင်းပေးရန်နဲ့ လိုအပ်လျက်ရှိသော တံတားအား ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ရန်အတွက် နယ်စပ်စည်ပင်ဝန်ကြီးဌာနသို့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ဒေသခံပြည်သူများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ တွင်းကုန်းရပ်ကွက် (ရန်ကုန် - မန္တလေး ကားလမ်းမကြီး)မှ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာထိ (၅.၇)မိုင်အရှည်ရှိ (မြေသားလမ်း)အား ကျောက်ချောလမ်း အဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ တွင်းကုန်းရပ်ကွက် (ရန်ကုန်-မန္တလေး ကားလမ်းမကြီး)မှ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာထိ (၅.၇)မိုင် အရှည်ရှိ (မြေသားလမ်း) အား ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ တွင်းကုန်းရပ်ကွက် ရန်ကုန် - မန္တလေး ကားလမ်းမကြီးမှ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာထိ (၅.၇)မိုင် အရှည်ရှိ မြေသားလမ်းအား

ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးနိုင်ပါရန်ကိစ္စ မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ပင်းဝ ကျေးရွာအုပ်စုမှာ ပါဝင်ပြီးတော့မှ ပင်းဝကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၈)ရွာရှိရာ၊ အိမ်ထောင်စု (၁၈၆၀)စု၊ အိမ်ခြေ(၁၃၄၀)အိမ်၊ လူဦးရေ(၈၅၃၁)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ ထို့အတူ ပင်းဝ အုပ်စုနဲ့ ကပ်လျက်ရှိတဲ့ မာန်မြေကျေးရွာအုပ်စုအတွင်းမှ ကျေးရွာအချို့ဖြစ်တဲ့ ရွာ(၄)ရွာ၌လည်း အိမ်ထောင်စု (၇၀၀)စု၊ အိမ်ခြေ(၄၆၈)အိမ်၊ လူဦးရေ(၃၅၀၂)ဦး နေထိုင်လျက်ရှိပါတယ်။

အဆိုပါ ပင်းဝကျေးရွာအုပ်စုရှိ ကျေးရွာများနဲ့ မာန်မြေကျေးရွာအုပ်စုမှ ကျေးရွာ(၄)ရွာတို့ ရှိ အိမ်ထောင်စု(၂၅၆၀)စု၊ အိမ်ခြေ(၁၈၀၈)အိမ်၊ လူဦးရေ(၁၂၀၃၃)ဦးတို့ဟာ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာမှတစ်ဆင့် ရေနံချောင်းမြို့ တွင်းကုန်းရပ်ကွက်နှင့်ဘုရားကုန်းကျေးရွာ ဖောက်လုပ် ထားသော (၅.၇)မိုင်အရှည်ရှိ မြေသားကားလမ်းကို အသုံးပြုကာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် ရေနံချောင်းမြို့နှင့် ဆက်သွယ်သွားလာ လုပ်ကိုင်အသုံးပြုလျက်ရှိ ပါတယ်။ သို့ရာတွင် အဆိုပါ ရေနံချောင်းမြို့ တွင်းကုန်းရပ်ကွက်မှ ဘုရားကုန်း ကျေးရွာရှိ (၅.၇)မိုင် အရှည် မြေသားကားလမ်းဟာ ရာသီမရွေး သွားလာနိုင်ခြင်းမရှိဘဲ မိုးရာသီတွင် ခက်ခက်ခဲခဲ သွားလာ နေရပါတယ်။ ၄င်းလမ်းအား မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့် တိုးမြှင့်ပေးနိုင်ပါက ရာသီမရွေးသွားလာနိုင်မှာ ဖြစ်ပါတယ်။

သို့ပါ၍ ကျေးလက်နေ ပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှည်(၅.၇)မိုင်ရှိ ရေနံချောင်းမြို့ တွင်းကုန်းရပ်ကွက်မှ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာသို့ ဆက်သွယ်ဖောက် လုပ်ထားပြီးဖြစ်သော မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန်နှင့် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်၊ မည်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်မည်၊ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်တို့ကို သိရှိလိုတဲ့အတွက် ကျေးလက်ဒေသနေ ဒေသခံ ပြည်သူလူထု ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တီးတိန်မြို့နယ်၊ မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားအား သံမဏိသံဘောင်ဘေလီကြိုးတံတားအဖြစ် အသစ်တည်ဆောက်ပေးရန်နှင့် ဇလွီးချောင်းကူးငင်နူန်းတံတားအား သစ်မာအခင်း ကြိုးတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန်မြို့နယ်၊ မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားအား သံမဏိသံဘောင် ဘေလီကြိုးတံတားအဖြစ် အသစ် တည်ဆောက်ပေးရန်နှင့် ဇလွီးချောင်းကူးငင်နူန်းတံတားအား သစ်မာအခင်း ကြိုးတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ နယ်စပ်ရေးရာ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)တီးတိန်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးခွန်းနှစ်ခုကို တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ တီးတိန်မြို့နယ်၊ မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားအား သံမဏိသံဘောင် ဘေလီကြိုးတံတားအဖြစ် အသစ်တည်ဆောက်ပေးရန်နှင့် ဒုတိယမေးခွန်းဖြစ်တဲ့ ဇလွီးချောင်းကူးငင်နှုန်းတံတားအား သစ်မာခင်း ကြိုးတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းနှစ်ခုကို ကျွန်တော်တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ပထမမေးခွန်းဖြစ်တဲ့ မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတား ကို သံမဏိသံဘောင်ဘေလီကြိုးတံတားအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ ကျွန်တော် မေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကဆိုရင် ကျွန်တော်တို့ နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားတဲ့နေရာမှာ တီးတိန်မြို့နယ်ဟာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကနေ အထူးဖွံ့ဖြိုးဖို့အတွက် အာရုံစိုက်ဆောင်ရွက်တဲ့ ဒေသတစ်ခုဖြစ်ကြောင်း၊ တွီးထန်ကြိုးတံတား တည်ဆောက်ရေးနဲ့ပတ်သက်ပြီး ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီဘဏ္ဍာရေးနှစ်အတွင်းမှာဘဲ တွီးထန်ကြိုးတံတားနဲ့ပတ်သက်လို့ လိုအပ်တဲ့ အစီအမံတွေ ဆောင်ရွက်ပြီး အမြန်ဆုံး တည်ဆောက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း စသည်ဖြင့် ကျွန်တော့်ကို ပြန်လည်ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒီ တွီးထန်းကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှာ တံတားအထူးအဖွဲ့က ကွင်းဆင်းလေ့လာမှု ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သူတို့ရဲ့ အကြံပြုချက်အရ အဲဒီမူလနေရာ၊ အဟောင်းနေရာက တံတားအခိုင်အမာ ဆောက်ဖို့ နည်းနည်း အခက်အခဲ ခိုင်မာမှုမရှိနိုင်တဲ့အတွက် လုံလောက်တဲ့ မြေကွက်တစ်နေရာရှာဖို့ အကြံပြုခဲ့တဲ့အတွက် ဒေသခံပြည်သူများ လက်ရှိအဟောင်းနေရာကနေ (၁)မိုင်နီးပါးဝေးတဲ့နေရာမှာ ပေ(၂၈၀)တံတား တည်ဆောက်နိုင်မယ့်နေရာသစ်ကို ရွေးချယ်သတ်မှတ်ပြီး ဖြစ်ပါတယ်။ အဲဒီလမ်းတံတားနေရာအတွက်လည်း ကျွန်တော်တို့ဟာ လမ်းအူကြောင်းနဲ့ ဆိုင်ကယ်လမ်းကိုလည်း ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ ဒီတံတားအသစ် နိုင်ငံတော်အနေနဲ့ ဆောက်ပေးမယ်ဆိုရင် အဲဒီ တံတားအသစ်နေရာကို ကားလမ်းဖောက်ဖို့ ဒေသခံပြည်သူများက တာဝန်ယူပြီးမှ ကိုယ့်အားကိုယ်ကိုးနဲ့ ဖောက်လုပ်ဖို့ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ယခုလက်ရှိမှာလည်း ဒီလထဲမှာ အဲဒီလမ်း အသစ်ကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ကျွန်တော်တင်ပြလိုပါတယ်။

မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားဟာ ကျွန်တော်တို့ တီးတိန်မြို့ မဏိပူရမြစ် အနောက်ဘက်မှာ ရှိတဲ့ ကျေးရွာ (၂၅)ရွာ၊ လူဦးရေ (၁၅၀၀၀)ခန့်ကို အကျိုးပြုရမှာ ဖြစ်ပါတယ်။ နောက်ပြီး

တော့ တွန်းဇံမြို့နယ်နဲ့ ကျီခါးမြို့နယ်ခွဲကိုလည်း အဲဒီဆက်သွယ်တဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိတဲ့ တံတား တစ်ခုလည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒေသခံပြည်သူများအနေနဲ့ နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီးရဲ့ ဒုတိယအကြိမ် ပြန်လည်ဖြေကြားတဲ့အဖြေပေါ်မှာ အခု ယနေ့အထိ ကျွန်တော်တို့ဟာ အစိုးရအပေါ်မှာ ယုံကြည်အားကိုးမှုနဲ့ မျှော်လင့်စောင့်စားနေလျက်ရှိကြပါတယ်။ ယခု လက်ရှိမှာ ကျွန်တော်တို့ တံတားကလည်း ဟောင်းနွမ်းနေပြီးတော့ ကျွန်တော်တို့ ကြံ့ခိုင်မှု လုံးဝ မရှိတော့တဲ့အတွက် အခုလက်ရှိမှာ ကျွန်တော်တို့ကားတွေနဲ့ ဖြတ်သန်းသွားလာတဲ့အချိန်မှာ ကုန်ပစ္စည်းများချ၊ ခရီးသည်များ ချထားပြီးမှ ကားအခွံနဲ့ပဲ ဖြတ်သန်းနေရတဲ့အတွက်အချိန် ကြာမြင့်ခြင်းနဲ့ ကုန်ကျစရိတ်များ များပြားတဲ့ အခက်အခဲကို နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ တီးတိန်မြို့နယ်၊ မဏိပူရမြစ်ကူး(တွီးထန်)ကြိုးတံတားကို သံမဏိသံဘောင် ဘေလီကြိုးတံတားအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနဲ့ အဲဒီဟာကို ကျွန်တော်တို့ အထူးကိစ္စတစ်ရပ်အနေနဲ့ ဦးစားပေးဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံ ပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ပထမမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

နောက်ဆက်လက်ပြီး ကျွန်တော်ဒုတိယမေးခွန်းဖြစ်တဲ့ ဇလွီးချောင်းကူးငင်နှုန်းတံတားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်တင်ပြသွားပါ့မယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် တီးတိန်မြို့ရဲ့ အရှေ့ဘက်(၃)မိုင်ခန့် အကွာမှာရှိတဲ့ ဇလွီးချောင်းကူးငင်နှုန်းတံတား ဟာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ သဘာဝရေကြီးမှုကြောင့် လုံးဝပျက်စီးသွားခဲ့ပါတယ်။ ဒါ့အပြင် အဲဒီတံတားနေရာကို ရေကြီးမှုကြောင့် ကျွန်တော်တို့ တံတားဆောက်မယ့်နေရာ ချောင်းကမ်းပါးကလည်း ရေတိုက်စားပြီးမှ ပေ(၁၁၀)ခန့် တိုက်စားသွားပါတယ်။ ယင်းတံတားသည် ကျွန်တော်တို့ တီးတိန်မြို့၊ ငင်နှုန်းကျေးရွာနဲ့ ဗာလ်ဝုမ်းကျေးရွာ ဆက်သွယ်တဲ့တံတားဖြစ်တဲ့အပြင် ကျွန်တော်တို့ တီးတိန်မြို့ရဲ့ ရေအားလျှပ်စစ်ပေးတဲ့ ဇလွီးရေအားလျှပ်စစ်စက်ရုံ ရေစစ်ကန်တို့၊ ရေသွယ်မြောင်းတို့ ပြုပြင်ထိန်းသိမ်းတဲ့ နေရာမှာ အသုံးပြုတဲ့တံတားလည်း ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ချင်းပြည်နယ် ဝန်ကြီးချုပ်နဲ့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးကိုယ်တိုင် လာရောက်ပြီးမှ၊ ကြည့်ရှုပြီးမှ တံတား အရှည် (၁၂၀)၊ အကျယ်(၁၀) ပေရှိတဲ့ သစ်မာအခင်းကြိုးတံတားအသစ် ဆောက်လုပ်ဖို့ တွက်ချက်တင်ပြရန် ဆိုပြီးတော့ ညွှန်ကြားခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ တီးတိန်မြို့နယ်ဆောက်လုပ်ရေး၊ လက်ထောက်အင်ဂျင်နီယာက အဲဒီတွက်ချက်မှုကို သေချာတွက်ချက်ရေးဆွဲပြီးမှ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့အထိ ပြည်နယ်အစိုးရရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ မလုံလောက်မှုကြောင့်လားမသိဘူး ကျွန်တော်တို့ ယနေ့အထိ ဆောင်ရွက် ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ အဲဒါ ဒီတံတားနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့မြို့နယ် World Vision အကူအညီနဲ့ ယခုလက်ရှိမှာ ပေ (၁၂၀)၊ (၄)ပေအကျယ် ယာယီကြိုးတံတားတစ်ခုကို ယနေ့အထိ ကျွန်တော်တို့ သုံးစွဲလျက်ရှိပါတယ်။ ငင်နှုန်းကျေးရွာနဲ့ ဗာလ်ဝုမ်းကျေးရွာဟာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားပြီးမှ ကြက်သွန်နဲ့ ဟင်းသီးဟင်းရွက်များကို တီးတိန်မှ ကလေးမြို့၊ နောက်ပြီးတော့ တီးတိန်ကနေ အိန္ဒိယနိုင်ငံအထိ တင်ပို့ရောင်းချတဲ့ ကျွန်တော်တို့ ဒေသခံပြည်သူများ၊ စိုက်ပျိုးရေးကို မှီခိုအားထားရတဲ့ ရွာကလေးတွေ ဖြစ်ပါတယ်။ ယခုလက်ရှိ အသုံးပြုလျက်ရှိတဲ့

ကြိုးတံတားဟာ လူသွားလမ်းအဆင့်သာ ရှိတဲ့အတွက် ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခက်အခဲများ ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် ကုန်ကျစရိတ် ကြီးမားမှုနဲ့ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာမှု လည်း ကြုံတွေ့နေရပါတယ်။

ဒါကြောင့် ဇလွီးချောင်းကူးငင်နှုန်း လူသွားလမ်းအဆင့်သာရှိသော ကြိုးတံတားကို ကားများ ဖြတ်သန်းသွားလာနိုင်သော သစ်မာခင်းကြိုးတံတားအဖြစ် နိုင်ငံတော်မှ ဆောက်ပေးနိုင်ပါက ဒေသခံ ပြည်သူများအတွက် များစွာအထောက်အကူပြုမယ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွက်လည်း အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ တီးတိန်မြို့နယ် ဇလွီးချောင်းကူးငင်နှုန်းတံတားအား သစ်မာ အခင်းကြိုးတံတားအသစ် တည်ဆောက်ပေးရန် ဒေသခံပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၀။**

**ဗိုလ်ချုပ်ဇော်ဝင်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။

ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဟာရှိန်းဘွေ ၏ မေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မင်းတပ်မြို့မှ ပန်းအော့ရွာ၊ လိုယောရွာ၊ ကြန်အိမ်နူးရွာ၊ ကြာလေလှိုင်း၊ လွှာ၊ မလိုင်အထိ ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါ တယ်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ် အပါအဝင် နယ်စပ်ဒေသအားလုံးရဲ့ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပဉ္စမကာလတို (၅) နှစ် အမျိုးသား စီမံကိန်းရေးဆွဲပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ နှစ်စဉ် ခွင့်ပြု ပေးလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ချင်းပြည်နယ်အတွင်း လမ်းတံတား လုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် သန်းပေါင်း (၅၁၆၁.၀၇၅)ကို လျာထားခွင့်ပြုပေးပြီး လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသမှ တာဝန်ရှိသူများနဲ့ အသေးစိတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့သော မင်းတပ်မြို့နယ်၊

ပန်အော့ရွာမှ လှိုင်ယောရွာ-ကြန်အိမ်နူး-ကြာလေလှိုင်း-လွှာ မှ မလိုင်ရွာအထိ လမ်းကြောင်းသည် မိုင်(၂၀)ရှိပြီး ဒေသတွင်းမှာရှိတဲ့ ကျေးရွာပေါင်း(၆)ရွာ၊ လူဦးရေပေါင်း (၁၁၀၀)ကျော် အကျိုးပြုနိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ မိုင်(၂၀)အနက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ ပန်အော့-ကြာလေလှိုင်း(၃)မိုင် ကျောက်ခင်းခြင်းအတွက် ရန်ပုံငွေ(၁၇၃.၈၅)သန်း ခွင့်ပြုပေးခဲ့ပါတယ်။

ဒီခွင့်ပြုပေးခဲ့တဲ့ ရန်ပုံငွေနဲ့ စပ်လျဉ်း၍ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပန်အော့-ကြန်အိမ်နူး-ကြာလေလှိုင်းလမ်း အရှည် (၁၂)မိုင် မြေလမ်းဖောက်လုပ်ရေးလုပ်ငန်းကို ရန်ပုံငွေ ခေါင်းစဉ်ပြောင်းလဲ ခွင့်ပြုနိုင်ရေးအတွက်ကို နယ်စပ်ရေးရာဝန်ကြီးဌာနကို ညှိနှိုင်းအကြောင်းကြားလာခဲ့ပါတယ်။ ဒါကြောင့် ပန်အော့-ကြာလေလှိုင်း (၃) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းအစား ပန်အော့- ကြန်အိမ်နူး-ကြာလေလှိုင်းလမ်းအရှည် (၁၂) မိုင် မြေသားလမ်းဖောက်လုပ်ရေးလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ မင်းတပ်မြို့၊ ပန်အော့ရွာမှ ကြာလေလှိုင်းရွာအထိ လမ်းအရှည် မိုင်(၂၀)ကို မြေသားလမ်းဖောက်လုပ်ရာမှာ (၁၂)မိုင်အထိ မြေသားလမ်းဖောက်လုပ်ရန် အတွက်ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုနဲ့ ဆောင်ရွက်နေရာမှာ ယခု လုပ်ငန်းများ (၈၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံတင်ပြသွားတဲ့အချက်အပေါ် မလိုင်-ကန်ပက်လက်အထိ မြေသားလမ်း(၁၀)မိုင် တိုးချဲ့ပြီးတော့ ခုန ဆောင်ရွက်ဖို့ဆိုတဲ့ အပိုင်းကိုလည်းပဲ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှာ တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ရဲ့ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ အုတ်ဖိုကျေးရွာနဲ့ သူကောင်းကုန်း ကျေးရွာအုပ်စု၊ ကျေးရွာများရဲ့ ကျေးရွာချင်းဆက်လမ်းများအား ကျောက်ချောလမ်း ခင်းပေးရန်နဲ့ ယင်းလမ်းပေါ်မှာရှိတဲ့ ပျက်စီးနေသော တံတားများပြုပြင်ပေးရန် မေးခွန်းနဲ့ စပ်လျဉ်း၍ ဆက်လက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ညောင်ရမ်း-ဖျောက်ဆိပ်ကုန်း-မကျီးရိုး လမ်းမကြီးမှ ထနောင်းကန်ကျေးရွာအထိ ထနောင်းကန် - ဖျောက်ဆိပ်ကုန်း - ညောင်ရမ်း ကျေးလက်လမ်းသည် မြေသားလမ်း အရှည်(၂)မိုင်(၃)ဖာလုံရှိပြီးတော့ အဆိုပါလမ်းကို ကျောက်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက (၁၂)ပေအကျယ်၊ သိပ်သည်းပြီးတော့ (၈)လက်မထု ကျောက်ချောလမ်း (၂)မိုင် (၃)ဖာလုံ ကုန်ကျငွေ (၇၆)သန်းနဲ့ (၁၅)ပေအရှည်ခုံတံတား (၁) ခု၊ ကုန်ကျငွေ (၄) သန်း၊ စုစုပေါင်းသန်း (၈၀) ကုန်ကျမှာ ဖြစ်ပါတယ်။ သာစည်မြို့နယ်၊ သူကောင်းကုန်းကျေးရွာအုပ်စု သူကောင်းကုန်းကျေးရွာမှ ညောင်းရမ်းကျေးရွာ (အထကကျောင်း)အထိ သူကောင်းကုန်း-မင်းကံကုန်း-ညောင်ရမ်းကျေးရွာ ချင်းဆက်လမ်းကို မြေသားလမ်း (၁)မိုင် (၄)ဖာလုံ ရှိပြီးတော့ (၁၂)ပေ အကျယ်နဲ့ ကျောက်ချောလမ်း အဖြစ် ဆောင်ရွက်သွားမယ်ဆိုပါက (၄၈.၀၀)သန်း ကုန်ကျမည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သာစည်မြို့နယ် အုတ်ဖိုကျေးရွာ၊ ထူးတွင်း-ကုက္ကိုပင် ကျေးရွာချင်းဆက်လမ်းဟာ မိတ္ထီလာ-တောင်ကြီးကတ္တရာလမ်းနဲ့ ဆက်သွယ်ထားပြီးတော့ လမ်းအရှည် (၂)မိုင်(၅)ဖာလုံရှိတဲ့ မြေသား လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကိုလည်းပဲ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မယ်ဆိုရင် (၁၂)ပေ အကျယ်နဲ့ ကုန်ကျငွေပေါင်း (၈၄.၈၀)သန်းကုန်ကျပြီးတော့၊ (၁၃၀x၂၀) ကွန်ကရစ်ရေကျော်(၁)စင်း အတွက်ကို ကုန်ကျငွေ(၁၁.၅)သန်း စုစုပေါင်းငွေကျပ်(၉၆.၃)သန်း ကုန်ကျမှာဖြစ်ကြောင်း သိရှိရပါတယ်။

သာစည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးငွေမောင် ရဲ့ တတိယအကြိမ်မှ သတ္တမအကြိမ်အထိ မေးမြန်းချက်များအပေါ် သာစည်မြို့နယ် အတွင်းမှာ ကျောက်ချောလမ်း (၃၃)မိုင်၊ မြေသားလမ်း(၅)မိုင်(၇)ဖာလုံ၊ သစ်သားတံတား(၁)စင်း၊ ရေကျော်(၁)စင်း၊ စိမ့်စမ်းသွယ်ခြင်းတို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ(၁၂၂၆.၃၄၂)သန်းနဲ့ စည်ပင်သာယာရေးရဲ့ ရန်ပုံငွေ(၅၁.၀၆၆)သန်းနဲ့ ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ သာစည်မြို့နယ် ထနောင်းကန် - ဖျောက်ဆိပ်ကုန်းလမ်း - ညောင်ရမ်းလမ်း ကျောက်ချောလမ်း(၂)မိုင် (၃)ဖာလုံ၊ သစ်သားတံတား(၁)စင်း ကုန်ကျငွေ(၈၀)သန်းအား နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လည်းကောင်း၊ သူကောင်းကုန်း-မင်းကံကုန်းနဲ့ ညောင်ရမ်းကျောက်ချောလမ်း (၁)မိုင် ကုန်ကျငွေ(၄၈)သန်း၊ ထူးတွင်း-ကုက္ကိုပင်လမ်း ကျောက်ချောလမ်း (၂)မိုင် (၅)ဖာလုံ၊ ရေကျော်(၁)စင်းအတွက်ကို (၉၆.၃)သန်း စုစုပေါင်း (၁၄၄.၃)သန်းကိုတော့ ကျွန်တော်တို့လာမယ့် ၂၀၁၅ ခုနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေခွင့်ပြုချက် ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် တွင်းကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးမှ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာအထိ (၅.၇)မိုင်အရှည် မြေသား လမ်းကို ကျောက်လမ်းအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ရန်မေးခွန်းကို ကျွန်တော်မှ ဆက်လက် ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ တွင်းကုန်းရပ်ကွက်မှ ဘုရားကုန်းကျေးရွာ အထိကို ကျေးရွာချင်းဆက်လမ်းဟာ အရှည် (၅)မိုင်(၁)ဖာလုံရှိပြီး၊ လမ်းရဲ့ လက်ရှိအခြေအနေမှာ ကတ္တရာလမ်းက(၂)မိုင်၊ ကျောက်လမ်းဟောင်းက (၆)ဖာလုံနဲ့ မြေသားလမ်းဟာ (၂)မိုင်(၃)ဖာလုံ ဖြစ်ပါတယ်။ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်ရေးအတွက် မူလကျောက်လမ်း(၆)ဖာလုံကို ကတ္တရာခင်းခြင်း၊ မြေသားလမ်း(၂)မိုင်(၃)ဖာလုံကို ကျောက်လမ်းခင်းခြင်းနဲ့ ကွန်ကရစ်ရေကျော် တံတား(၁)စင်း တည်ဆောက်ခြင်း ဆောင်ရွက်မယ်ဖြစ်တဲ့အတွက် ကုန်ကျငွေစုစုပေါင်း(၁၅၄.၁၉)သန်း ဖြစ်ကြောင်း တွက်ချက်ထားပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ တွင်းကုန်း-ဘုရားကုန်း ကျေးရွာချင်းဆက်လမ်းနဲ့ ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီး

ဌာန ရန်ပုံငွေနဲ့ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းက (၆)ဖာလုံ၊ ကျပ်ငွေ (၃၅.၃) သန်းနဲ့ ကွန်ကရစ်ရေကျော်တံတား(၁)စင်း၊ (၁၅.၀၀)သန်းကို စုစုပေါင်း(၅၀.၃၃)သန်းကို လျာထားပေးပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ကျောက်ချောလမ်းအပိုင်း (၂)မိုင် (၃)ဖာလုံ အတွက်ကိုတော့ လာမယ့် ၂၀၁၄ - ၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးခမ်ဆွင်းမုန် တီးတိန်မြို့နယ် မဏိပူရမြစ်ကူးတံတား (တွီးထန်တံတား)အား သံမဏိသံဘောင် ဘေလီကြိုးတံတားအဖြစ် တည်ဆောက်ပေးရန်နဲ့ ဇလွီးချောင်းကူးတံတား အသစ် သစ်မာအခင်း ကြိုးတံတားအဖြစ် တည်ဆောက်ပေးရန် မေးခွန်းပဲ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီး ဌာနအနေနဲ့ ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသအားလုံးရဲ့ ဖွံ့ဖြိုးမှုတွေအတွက်ကို ပဥ္စမကာလတို (၅)နှစ်စီမံကိန်း၊ အမျိုးသားစီမံကိန်းရဲ့ ခွင့်ပြုချက်နဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဥ် ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၃-၁၄ မှာ ဘဏ္ဍာရေးနှစ်ထဲမှာ ချင်းပြည်နယ်ရဲ့ လမ်းတံတား လုပ်ငန်း အပါအဝင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးရာမှာ ကျပ်ငွေသန်းပေါင်း စုစုပေါင်းအနေနဲ့ တင်ပြရရင် (၅၁၆၁.၀၇၅)သန်း လျာထားခွင့်ပြုပေးပြီး ဖြစ်ပါတယ်။ လုပ်ငန်းများ အောင်မြင်ရေးအတွက်ကိုလည်းပဲ ချင်းပြည်နယ်အစိုးရ ဒေသဆိုင်ရာ တာဝန်ရှိသူများနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းခဲ့တဲ့ တီးတိန်မြို့နယ် မဏိပူရမြစ်ကူး တွီးထန် ကြိုးတံတားကို သံမဏိသံဘောင် ကြိုးတံတား တည်ဆောက်ပေးရန်ကိစ္စမှာ ယခင် ကျင်းပခဲ့တဲ့ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေးများမှာ ဦးခင်ဆွမ်းမုန် မှပင်မေးမြန်းတင်ပြခဲ့ဖူးသောကိစ္စ ဖြစ်ပါတယ်။ ၎င်းမေးမြန်းချက်များအရ ချင်းပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီကို ကျွန်တော်တို့ ကွင်းဆင်းလေ့လာစစ်ဆေးစေပြီး တွီးထန်ကြိုးတံတား (၃၂၀)ပေ အား နှစ်ထပ်လွှာ တစ်ထပ်ဘေလီတံတားတည်ဆောက်ရေးအတွက်ကို ကျွန်တော်တို့ ကုန်ကျငွေ (၅၄၄)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒီတွက်ချက်မှုအရ ကျွန်တော်တို့ အိန္ဒိယနိုင်ငံရဲ့ Grant မှ ရရှိ ထားတဲ့ ထောက်ပံ့ငွေမှနေပြီးတော့ ကျွန်တော်တို့ သုံးစွဲရန်လျာထားပြီးတော့ လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ဆောင်ရွက်နိုင်ရေးကို ထည့်သွင်းအဆိုပြု ထားပြီးလည်း ဖြစ်ပါတယ်။ ဒီတံတား ဆောက်လုပ်နိုင်ရေးအတွက်ကိုလည်းပဲ သက်ဆိုင်ရာ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများက လာရောက်စစ်ဆေးပြီးတော့ အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ တီးတိန်မြို့နယ်၏ အရှေ့ဘက် (၃)မိုင်အကွာမှာရှိတဲ့၊ ရေကြီးမှု ကြောင့် ပျက်စီးသွားခဲ့တဲ့ ဇလွီးချောင်းကူးတံတားနဲ့ ပတ်သက်ပြီးတော့လည်း ကွင်းဆင်းတိုင်းတာချက် များအရ ပြည်နယ်အစိုးရအနေနဲ့ တံတား(၁၂၀)ပေ၊ (၁၀)ပေအကျယ် သစ်သားခင်း ကြိုးတံတား တည်ဆောက်ပေးရန်အတွက်ကို ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၏ ချင်းပြည်နယ် အစိုးရအဖွဲ့ကလည်း တင်ပြလာခဲ့ပါတယ်။ ၎င်းတို့အပေါ်မှာ တင်ပြချက်များအရ တွက်ချက်တင်ပြ ထားမှု အပေါ်မူတည်၍လာမယ့် ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထဲမှာ လျာထားပြီး

ဖြစ်ပါတယ်။ ဒီလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရနဲ့ ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးဆိုင်ပေါင်းနပ် (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ တာဝန်ပေးချက်အရ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ အကြံပြုချက်အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည် စိစစ်တင်ပြသည့်အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာမှာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၉၅

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက် များကို ၅-၇-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် အစီရင်ခံစာ ဖတ်ကြားခဲ့ပါသည်။ ၁၇-၇-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ပါသည်။ ယင်းအကြံပြုချက်၊ ဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးချက်အရ ထပ်မံကြားနာလေ့လာ စိစစ်၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွန်းအောင်က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၀၁(က)တွင်ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့်

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အသက်ကို ၅၀ နှစ်ထက်မငယ်၊ အသက် ၇၀ နှစ် ထက်မကြီးသူ ဟူ၍လည်းကောင်း၊ အခြေခံဥပဒေ ပုဒ်မ ၃၁၀(က)တွင် ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အသက်ကို ၄၅ နှစ်ထက်မငယ်၊ အသက် ၆၅ နှစ်ထက်မကြီးသူ ဖြစ်ရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ကျန်းမာရေးကောင်းမွန်၍ တာဝန်ဆက်လက်ထမ်းဆောင်နိုင်သော တရားသူကြီးများအတွက် အသက်ကန့်သတ်ချက်ကို မထားရှိသင့်ကြောင်း၊ အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ထည့်သွင်းပြင်ဆင်သင့်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ရာ မှတ်တမ်းတင်ထားရှိရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ၅-၇-၂၀၁၃ ရက်နေ့က လွှတ်တော်သို့ တင်ပြခဲ့သည့် မူလအစီရင်ခံစာတွင် ပါဝင်သည့် ပြင်ဆင်ဖော်ပြထားချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက် -

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို

ပြင်ဆင်သည့် ဥပဒေ

(၂၀၁၃ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၂(ဂ)

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရသူများအား တရားသူကြီးအဖြစ် စတင်ခန့်အပ် တာဝန်ပေးသည့်အချိန်တွင် ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာ မပြုရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုရေး စီစဉ်ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၂(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၃

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၇ ပါ ရဲတပ်ဖွဲ့ အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည် ဆိုသည့် စကားရပ်အား ပြည်ထောင်စု တစ်ဝန်းလုံးရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၄

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၈ ပါ ရဲတပ်ဖွဲ့ အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည် ဆိုသည့် စကားရပ်အား မိမိတို့ စီရင်ပိုင်ခွင့်ရှိရာ ဒေသအတွင်းရှိ အကျဉ်းစခန်းများ၊ ရဲဘက် စခန်းများ၊ ရဲတပ်ဖွဲ့ အချုပ်စခန်းများကို အနည်းဆုံးခြောက်လလျှင်တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို (၁၁း၁၁)နာရီအချိန်တွင် ရပ်နားပါသည်။]